# သခင့်စကား
The LORD's Word
ဝိညာဉ်ရေးဂျာနယ်စာစောင်

ဤသူတို့သည် အကျွန်ုပ်ကို အစီပြုသဖြင့်
ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံမည့်အကြောင်းဤစကားကို
ဤလောက၌ အကျွန်ုပ်ပြောပါ၏။ ယော ၁၇း၁၃

အမှတ်စဉ် (၇၉) | မတ်လ | ၂၀၀၈ ခုနှစ် | စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## သခင်အလိုရှိသည်



သခင် အလိုရှိလျှင်ဖြင့် … ကျောခရိုး နုနု ကျိုးပဲ့လို့ကြေမွပါစေ။
ခွာဖဝါး ရှရှ ကြွေကျလို့ မြေခ ပါစေ ။
ယေရုရှလင်မြို့အဝင် မက ၊ သည်ကမ္ဘာ တစ်ခွင် အနှံ့
ဘုန်းတော်ထင်ရှားဖို့ စီးတော် ခံပါ့မယ် ကိုယ်တော်။
သခင် အလိုရှိလျှင်ဖြင့် … ပဿခါ ညစာ အထက်ခန်းသာမက
သက်ထာဝရလမ်းကို အများသူငါ လျှောက်လှမ်းနိုင်ဖို့
ဘဝတစ်ခုလုံးကို ပုံအပ်လို့ ဆက်ကပ်ပါ့မယ် ကိုယ်တော်။
သခင် အလိုရှိလျှင်ဖြင့် …ကွန် ပိုက် လှေ ငါးနှင့် အိမ်သားများသာမက
ရှိရှိသမျှ ကိုစွန့်ပြီး ကားတိုင်ကို ထမ်းလို့ ၊ နောက်တော်လိုက်ပါ့မယ် ကိုယ်တော်။
သခင် အလိုရှိလျှင်ဖြင့် … အို ဘာဘဲဖြစ်ဖြစ်၊ လောက အိုးမဲ ၊
ပေညစ်နေတဲ့ အကျွန်ုပ်ရဲ့ မျက်နှာယုတ်ကို ၊ မျက်ရည်မိုးနဲ့ သစ်ပြီး
အပြစ်တကာနဲ့ ကမ္ဘလာလို ရဲရဲနီနေတဲ့ ၊ ငမိုက်သား ကျွန်ုပ်၏ဘဝကို
အသွေးတော်နဲ့ အဆေးခံပါရစေ ကိုယ်တော်ရယ်။ ။

**သာဂိဓော**

---

## နှစ်သစ်

သခင်ပို့ဆောင် ကျေးဇူးတော်ကြောင့် တစ်နေ့ တစ်ရက်
ကုန်လွန်ခဲ့လို့ နှစ်သစ်ရောက်ပြီ ၊ အို အဆွေ
နှစ်အသစ်မှာ စိတ်သစ် လူသစ် ဝိညာဉ်အသစ်နဲ့
နှစ်ဟောင်း အညစ်အကြေး။ စွန့်ပစ်ရင်းက
သခင့်မေတ္တာ နားလည် ခံစားရင်း
သခင့်အလိုအတိုင်း ၊ လိုက်လျှောက်ရင်းနဲ့
နှစ်သစ်ဘဝ စာမျက်နှာကို စလိုက်ကြစို့ အို အဆွေ ။

**NKKH** (ရွှေပြည်သာ )

---

## အလွှ - ၃





* ဝါးကြမ်းခင်း ကြားက တိုးဝင်လာတဲ့ လေနုအေးဟာ …
  အဲယားကွန်းတပ် မှန်လုံ ခန်းထဲက လှောင်ပိတ်ထားတဲ့ လေအေးထက် ပိုပြီး သန့်စင်တယ်။
* ချဉ်ပေါင်ရွက် ချည်ရည်ဟင်း ချဉ်ချဉ်လေးဟာ …
  ဘာဘီကျူ ကြက်ကင် ထက် ပို အရသာ ရှိတယ်။
* ငါးပိရည်ကျို ကြဲကြဲ ဟာ …
  သစ်သီးစုံ ကိတ်မုန့်ကြီးထက် ပို ခံတွင်းတွေ့ စေတယ်။
* ခနိမိုးကြားက ထိုးဝင်လာတဲ့ နေရောင်ခြည်က …
  မာကျူရီ မီးလင်းရောင်ထက် အမှောင်ကို ပို ခွင်းစေတယ်။
* ကြာမျိုးစုံ ဖူးပွင့်နေတဲ့ ရွာထိပ် ရေကန်ထဲက ရေအေးအေးဟာ …
  ဓါတုနည်းနဲ့ သန့်စင် ထားတဲ့ ရေသန့်ဗူးထဲက ရေထက် အာသာ ပြေစေတယ်။
* သနပ်ခါးကွက်ကြားနဲ့ အိုးမဲ ပေနေတဲ့ ဇနီးသည်ရဲ့ မျက်နှာက …
  ပေါင်ဒါ မိတ်ကပ်နဲ့ ပေါင်းတင်ထားတဲ့ အလှမယ်တွေထက် ပိုလှတယ်။
* ရှင်ယောဟန် ၃း၁၆ကို အလွတ်ရွတ်ထားတာက …
  သချ်ာ ရူပ ပုံသေနည်းတွေ ကို အာဂုံ ဆောင်ထားတာထက် ပိုတန်ဖိုးရှိတယ်။
* နှပ်ချေးတွဲလောင်းနဲ့ ရင်ခွင်ထဲက ကိုယ့်ရင်သွေးလေးက …
  တိုက်တာခြံမြေ နောက်ဆုံးပေါ်ကားတွေထက် အနာဂါတ်ကို အာမခံချက် ပိုပေးနိုင် တယ်။
* သခင်ယေရှု ကို နှလုံးသားထဲမှာ ပိုင်ဆိုင်ထားခြင်းဟာ …
  လောကီဥစ္စာတွေကို ပိုင်ဆိုင်ထားခြင်းထက် တမလွန်ကို ပိုစိတ်ချစေတယ်။

**မင်းအောင်သက်လွင်**

---

## သင်နှင့်ငါဟာ ပတ္တမြားမှန်

လောကီမှုကြွယ် ဘဝနယ်ပယ်၌
ရှောင်မလွဲသာ နေရပါလည်း
သူ့စနစ်ရယ် အဓမ္မအလယ်၌
ရောနှစ်ရန်မလို သီးသန့်ဖြစ်ရန်လို၏
ရောမ မှာနေ ရောမ လိုနေ ဆိုလည်း
အခွင့်ကောင်းယူ အလွဲ မထူနဲ့
ကိုယ်ပေါင်း စိတ်၌ ဆိုရိုး အမှာအတိုင်း
သင်သည် အလင်းရောင် သတိအမြဲ ဆောင်နော်
ပတ္တမြားမှန်လျှင် နွံတွင် မနစ်ဘူး
ဒီခေတ်စစ်ကို နှုတ်ကပါတ်ဖြင့်ဆိုက
သင်နှင့်ငါဟာ ပတ္တမြားမှန်မို့
ခေတ်၌တိမ်ကော ပျောက်နိုင်ရိုးလော
အပြစ်သားကိုချစ် နွံ မနစ်တဲ့အဖြစ်
လောကီ၌ ဖွား ပြစ်မျိုးကင်းတဲ့ ဘုရား
ဒို့ အရှင်ခရစ် လူ့အသွင် အဖြစ်ကို
ပမာ ပုံဆောင် အသက်ရှင်ကြရအောင်နော် ။။

**Samuel Soe Lwin** ( ခေတ္တ - အိန္ဒိယ )

---

## အာဟာရဖြင့်သက်သေခံ

ငယ်ဘဝမှ အစချီပြီး ၊ ပြောပြရင်တော့ ကျွန်မ ဘဝ
သူတောင်းစား သာသာ ၊ ဖွန်းနဲ့ ပန်းကန် တီးခေါက်လိုက်ရင်
နှစ်အိမ်ကျော်က သင်းအုပ် ကတော် ၊ ရေတ်မပါ ငါးပိနယ်ထား
ထမင်းဇလုံ အရှေ့ရောက်လာ ၊ စားရင်းကြီးပြင်း အသက်ရှင်ရ
ဘုရား အလိုတော်ကြောင့် စင်ကာပူ ရောက်လာ
ကျေးဇူးတော်ကြောင့် ၊ အလုပ်ရှင်ကောင်း တွေ့
မစားဖူးသော အရသာပေါင်း စားရပြန်တော့
ရောက်စ တုံးက လေးဆယ့်ငါးပေါင် ၊ အခုတော့ဖြင့် ငါးဆယ့်သုံးပေါင်
ဘုရားဖြည့် အာဟာရ ၊ စားသောက်ရင်းနဲ့
ကျွန်မ ဘဝမှာ ပြောသံကြားလာ ၊ သူငယ်ချင်းတွေက နာမည်ဖျက်
**Lady! you are so fat fat** တဲ့ ။ ။ **ကျူးကျူး**

## သမားတော်သခင်ယေရှု

ကျွန်တော် စင်ကာပူသို့ လာရောက် အလုပ်လုပ်ကိုင်ခဲ့သည်မှာ ယခုလနှင့်ဆိုလျှင် ၁ နှစ်နှင့် နှစ်လ ပင် ရှိပြီဖြစ်သည်။ အမိ မြန်မာပြည် တွင် နေထိုင်စဉ်က တစ်ကြိမ်တစ်ခါမျှပင် မဖြစ်ဖူးခဲ့သော အနာရောဂါသည် စင်ကာပူရောက်ပြီး တစ်နှစ်အကြာတွင် ကျွန်တော်ကိုယ်တိုင် ခံစားခဲ့ရပါသည်။ ၄င်းမှာ ကျွန်တော်၏ ခါးတစ်ဝိုက်၌ အဖု ကလေးများပေါက်နေခြင်း ဖြစ်ပါသည်။ အနာအဖု အပိန့်ကလေးများ အလွန် ယားယံ၍ ကုတ်ခြစ်မိရာမှ နောက်ဆုံး၌ တဖြည်းဖြည်းဆိုးရွားလာကာ ခါးတဝိုက်တွင် အနာအဖုအပိန့်လေးများ တစ်ခုပြီး တစ်ခု ထပ်တိုး လာပါတော့သည်။ စိတ်ပျက်လျှက် ဝမ်းနည်းကြေကွဲမှုကို ခံစားရသောအခါ ကိုယ်တော်ကို တမ်းတလျှက် မိမိ၏ ကိုယ်ခန္ဓာ ခါးတစ်ဝိုက် တွင်



ပေါက်နေသော အနာ အဖုအပိန့် လေးများကို ကိုယ်တော်၏ တန်ခိုးတော်နှင့် ပျောက်ကင်းစေရန် နှင့် အကယ်၍ ၄င်းအနာများ ပျောက်ကင်းသွားမည်ဆိုပါက ကိုယ်တော်၏ အကြောင်းကို သခင့်စကားစာစောင်တွင် သက်သေခံ ရေးသားမည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုခဲ့ပါသည်။

တကယ်ပင် အံ့ဩဘွယ်ကောင်းလောက်အောင် မိမိ၏ ခါးတစ်ဝိုက်တွင် ပေါက်နေသော အနာလေးများသည် တစ်လ အတွင်းမှာပင် လုံးဝ ပျောက်ကင်းသွားပြီဖြစ်ကြောင်း ကျေးဇူးတော်ချီးမွမ်းကာ တကယ့်သမားတော် စစ်စစ်သည် သခင်ယေရှု သာ ဖြစ်ကြောင်း ဤစာဖြင့် သက်သေခံ ရေးသားလိုက်ပါသည်။

ကိုယ်တော်၏ အံ့ဘွယ် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလျှက် … **( ထူး )**

## အချစ်စစ်၏ မြဲသောသစ္စာ

အချစ်ဆိုတာ ဘယ်ဘက် ရင်အုံထဲက ပွင့်တဲ့ ပန်းလေး တစ်ပွင့်ပါ။ ချစ်တယ်ဆိုတဲ့ ဝါ့ရင်ထဲက စကားတစ်ချို့ ပြောဖို့ မင်းအတွက် အတ္တဆန်မှာ စိုးခဲ့သူပါ။

လူတစ်ချို့က ပြောကြတယ်။ မျက်စိနဲ့ မြင်၊ ဦးနှောက်နဲ့ စဉ်းစား၊ နှလုံးသားနဲ့ ဆုံးဖြတ်ပြီး၊ ချစ်တဲ့ အချစ်ဟာ "အချစ်စစ်" တဲ့၊ ဟုတ်နိုင်ရိုးလား။ တစ်ချို့က ပြောတယ်။ Love is blind တဲ့၊ အချစ်မျက်ကန်း ပြောရမလား။ မျက်ကန်း အချစ် ပြောရလေမလား။ ဒါပေမဲ့ "နှလုံးသား" ဆိုတဲ့၊ ကလပ်စည်းရှိတဲ့ ပုထုဇဉ် လူသားတွေ ချစ်တတ်ကြတာတော့ မဆန်းဘူး။ ကမ္ဘာဦးကတည်းကလဲ ချစ်ကြတာဘဲ။



တစ်ချိန်က ချစ်သူ နှစ်ဦးရဲ့ အချစ်နဲ့ သစ္စာအကြောင်းပြောပြချင်တယ်။ သခင့်စကားက တဆင့် အချစ်မျက်ကန်း၊ မျက်ကန်း အချစ် ပြောရမှာထက် ဒီ ဇာတ်လမ်းထဲက ကောင်မလေးဟာ တကယ် မျက်စိ မမြင်တဲ့ ကောင်မလေးပါ။ အသားအရေ စိုပြေဝင်းဝါ ဆံနွယ်ကြော့ကြော့ လေးနဲ့ မြင်သူတိုင်း ငေးလောက်ပေရဲ့။ သူ့ကို မြတ်နိုးတွယ်တာစွာ ချစ်တဲ့ ကောင်လေးတစ်ယောက်ကို အပြစ်ပြော နိုင်ရိုးလား။

ကောင်မလေး ရဲ့ အားနည်းချက်တစ်ခု၊ သူ့ချစ်သူက လွဲလို့ လူတွေကို မုန်းတယ်။ လူတွေကြားမှာ အသက်ရှင်ရတာ မလွတ်လပ် သလိုဘဲ ခံစားရတယ်။ ဟုတ်ပါတယ်။ လူဖြစ်ရတာ လူဖြစ်ရှုံးခဲ့တာကိုး။ အလင်းနဲ့ အမှောင်၊ အကောင်းနဲ့ အဆိုး ဒွန်တွဲပိုင်ဆိုင်ထားတဲ့ လောကကြီးထဲမှာ အချစ်နဲ့ အမုန်းပါတဲ့ နှလုံးသားနဲ့ ကောင်မလေးကို အပြစ် မဆိုသာပါဘူး။ ညီညာတယ် ထင်ရတဲ့ ရေပြင်ကြီးတောင် အကွေ့အကောက် ရှိသေးတာဘဲ၊ ကောင်မလေး သူ့ချစ်သူကို အမြဲပြောလေ့ရှိတဲ့ စကားတစ်ခွန်း ကျွန်မသာ မျက်စိ မြင်ခွင့်ရခဲ့ရင် မင်းကို လက်ထပ်ပြီး သာယာတဲ့ မိသားစု ကမ္ဘာ တည်ဆောက်ချင်တယ်တဲ့ (ဤကား ငါ၏ သစ္စာစကား) နောက်ပိုင်း သိပ်မကြာတဲ့ ရက်မှာဘဲ၊ ကောင်မလေးကို မျက်စိလှူသွားတဲ့ သူ ပေါ်လာတယ်။ ဒါနဲ့ ကောင်မလေး မျက်စိ မြင်ခွင့်ရှိပြီး ပတ်ဝန်းကျင်ကို မြင်နိုင်လာတယ်။

ဒီတော့ သူ့ချစ်သူကိုလဲ ကောင်မလေး မြင်ခွင့်ရသွားပြီလေ။ သိပ်ချစ်တယ်လို့ ပါးစပ်က တဖွဖွ ပြောခဲ့ဖူးတဲ့ သူ့ချစ်သူကို မြင်လိုက်ရတဲ့ အချိန်မှာ ကောင်မလေး တကယ်အံ့ဩသွားတယ်။ သူ့ချစ်သူ ကောင်လေးကို မျက်မမြင် ဘဝနဲ့ တွေ့လိုက်ရတော့ ချစ်တယ်ဆိုတဲ့ စကား စပြောဖို့ ဆွံ့အ သွားတယ်။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်လို့ ကောင်လေးက မေးတယ်။ ချစ်သူ မင်းဆီမှာ မျက်စိ မြင်ခွင့်ရပြီ၊ ငါနဲ့ လက်ထပ်မှာ မဟုတ်လား တဲ့၊ ကောင်မလေး အသံမထွက်နိုင်တော့ဘူး။ မှင်သက် တိတ်ဆိတ်လို့။ အချိန်အနည်းငယ် ကြာတော့မှ ကြားရတဲ့ စကားလုံးက **No** တဲ့ (အလိမ္မာ စကားတစ်ခွန်း) ဘယ်ဘက် ရင်အုံထဲ က ပွင့်တဲ့ ပန်းလေးတစ်ပွင့်။ ကြွေ ခဲ့ရပြီ။ မြေကို ခ ရပြီလေ။ အို သနိရ ပန်းလေး၊ မနွမ်းလည်း ကြွေ၊ နွမ်းလဲ ကြွေခဲ့ရပြီလေ။ ကောင်လေး အဝေးကို ဖြည်းဖြည်းချင်း လျှောက်သွားပြီး၊ ညင်သာတိုးတိတ်စွာ ပြောလိုက်ပါတယ်။ (ပြောဖို့ ခွန်အားမှ မရှိခဲ့တာ) မင်းမသိလိုက်ပါဘူး။ မင်းအတွက် မျက်စိအလှူရှင်ဟာ မင်းရဲ့ ချစ်သူ ငါပါဘဲ။ ဒါပေမဲ့ ကောင်မလေး မကြားနိုင်တော့ဘူး။ မြဲသော သစ္စာ ဘယ်မှာလဲ။

**တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ယော ၃း၁၆။** ကရာနီကုန်းမှာ ခရစ်တော်၏ အသွေးတော် နဲ့ ရေးတဲ့ ချစ်သစ္စာ ဘယ်တော့မှ မပြောင်းလဲဘူး မိတ်ဆွေ။

**တောင်ကြီးတို့သည် ရွေ၍၊ တောင်ငယ်တို့သည် လှုပ်ရှားသော်လည်း ငါ၏ မေတ္တာသည် သင်၌ မရွေ့ရ၊ ဟေရှာယ ၅၄း၁၀ ။** **လင်း(တောသားလေး)**

---

## သက်သေခံချက် (နန်းခင်မြူ)

စာရေးသူဟာ အရင်တုန်းက သခင့်စကားစာစောင်မှာ အမြဲတမ်းပုံမှန် တစ်လ လျှင် တစ်ပုဒ် (သို့) နှစ်ပုဒ် စာမူ ရေးနေကျပါ။ အဓိက ရေးတာကတော့ ကိုယ်ပိုင် သက်သေခံချက်လေးတွေပေါ့။

ဒါပေမဲ့ အခုတလော စာရေးသူ သိသိသာသာ အရေး အသား ကြဲသွားပါတယ်။ စာရေးသူလဲ အခုတလော အလုပ်အရမ်းရှုပ် ( အထူးသဖြင့် ရပ်ဝေးမှာ ရှိနေတဲ့ ချစ်သူဆီ လွမ်းဆွတ် သတိရတိုင်း ချစ်သဝဏ်လွှာ ရေးပြီး ရင်ဖွင့်ရ) တဲ့ အတွက် သခင့်အတွက် သက်သေခံဖို့ ကလောင်နဲ့ လက် မတွေ့ထိ ဖြစ်တာ ကြာခဲ့ပါပြီ။

ယခုတလော သခင့်စကားစာစောင် ထဲမှာ ပါတဲ့ သက်သေခံချက် စာမူများကို ဖတ်ရတဲ့အခါ စာရေးသူ တော်တော် ခွန်အားရပါတယ်။ အထူးသဖြင့် အိမ်မှာ အလုပ်လုပ်နေကြတဲ့ ညီမ၊ အစ်မတွေဆီက ရင်ဖွင့်ခံစား သက်သေခံချက်တွေ၊ အခြားအခြား နေရာမှာ လုပ်နေကြတဲ့ ဘဝတူ အလုပ်သမားတွေဆီက သက်သေခံချက်များဟာ စာရေးသူကို များစွာ ခွန်အားဖြစ်စေပါတယ်။



စာရေးသူရဲ့ ဘဝဟာ တစ်ခါ တစ်ခါမှာ ဘာမှ မရှိတော့လောက်အောင် "ဟာ" သွားပြီး မြှော်လင့်ချက် မဲ့ကာ သုည ဘဝကို လုံးဝရောက်သွားသလို ခံစား ရတဲ့ အချိန်လဲ ရှိခဲ့ပါတယ်။ စာရေးသူကို ဘုရားသခင်က ဒီ စင်ကာပူနိုင်ငံမှာ ထိုက်သင့်တဲ့ ပညာအရည်အချင်း၊ အလုပ်၊ လစာငွေ တွေ ပေးထားသလို လုပ်ငန်း ခွင်ထဲမှာလဲ အသင့်အတင့် မနိမ့်မမြင့်တဲ့ ရာထူးကို ပေးထားပါတယ်။ အသင်းတော် ထဲမှာလဲ ပါဝင်ခွင့် ဆက်ကပ်ခွင့် ရပြန်ပါတယ်။ စာရေးသူကို လူတော်တော်များများ မြင်ဖူး၊ သိဖူးကြပါတယ်။

ဒါပေမဲ့ တစ်ခါတစ်ခါလဲ စာရေးသူဟာ လူအများကြားထဲမှာ ထိုင် နေရင်း အထီးကျန်နေတတ်ပါတယ်။ သူငယ်ချင်း အဖော်ပေါင်း မြောက်များ စွာ ရှိပေမဲ့လဲ အဖော်မဲ့ သူလို ခံစားရပြန်ပါတယ်။ စင်ကာပူနိုင်ငံမှာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကောင်းမွန်သင့်တင့်စွာ နေထိုင် စားသောက်နိုင်သော်လည်း ကိုယ့်ကိုယ်ကို သိမ်ငယ်သလို ခံစားရပါတယ်။

ဒါပေမဲ့လဲ လစဉ်လတိုင်းမှာ ညီအစ်မများရဲ့ အခက်အခဲများမှ ဘုရားသခင် ကယ်နှုတ် စောင့်မမှုများအကြောင်း သက်သေခံချက်။ ဘုရားသခင် ထံ၌သာ အသက်တာ အပ်နှံ ဆက်ကပ် ပြီး မြှော်လင့်ချက်ထားရန် ခွန်အား ပေးခြင်း များကို ဖတ်ရတဲ့ အခါ တော်တော် ခွန်အားရပါတယ်။

သက်သေခံ ခွန်အားပေး ရေးသားကြတဲ့ ညီအစ်မများကို ကျေးဇူး တင်ပါတယ်။ လူရှေ့မှာ သက်သေခံ ချီးမွမ်းခွင့် မရပေမဲ့လဲ နောက်တန်းကနေ ကလောင်အစွမ်းနဲ့ စာမူအားဖြင့် ဘုရားသခင်အတွက် အလင်းပေးသော စာရေးသူ ညီအစ်ကို ညီအစ်မ အယောက်စီတိုင်းကို ဘုရားသခင်သာ၍ ကောင်းကြီး ပေးပါစေ။

စာရေးသူလို ဆင်ပေါက်တစ်ကောင်က ကိုယ့်ထက် ငယ်တဲ့ ဆိတ်နို့လေးကို သောက်စို့ ရသလို ရရှိသော ဝိညာဉ်ရေးရာ ခွန်အား များအတွက် ကျေးဇူးများ စွာ တင်ရှိလျှက် ... ။ ။ **(နန်းခင်မြူ)**

---

## လှပတင့်တယ်သောခြေထောက်ပိုင်ရှင် (K.Z.M.O)



အလွန်အေးသော အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် နွေးထွေးသော နေရောင်ခြည် ဖြာထွက်လာသော အချိန်အခါ သမယလေးမှာ ကမ္ဘာ့ အလှမယ်များ နှင့် အပြိုင် ကလေးမ အချို့အား လှပ သော ခြေတံများကိုဖေါ်ကာ ပြေးသူက ပြေး၊ လမ်းလျှောက်သူက လျှောက်၊ ခြေထောက်ပုံသဏ္ဍာန်မျိုးစုံနှင့် ပန်းခြံများ လမ်းမ များပေါ်တွင် တွေ့မြင်နိုင်ပါသည်။ နွေးထွေးသော နေရောင်ခြည်ရဲ့ နေပူစာကို လှုံချင်တာလား။ လှပသော ခြေတံပိုင်ရှင်များဖြစ်ကြောင်း ကြားဝါ၍ လျှောက်ပြ ချင်တာလား၊ ခွဲခြား၍ မရလောက်အောင် ဖြစ်နေပါသည်။ လမ်းမပေါ်မှ ခြေလှမ်းများသာမက တီဗီ ဖန်သားပြင်၌ "ဖက်ရှင်ရှိုး" အစီအစဉ်၌ပင် အလှ မယ်တို့ ၏ ကန့်ကလျ ခြေထောက်များကို တွေ့ရပြန်ပါသေးသည်။ ကျွန်ုပ်အဖို့ မှာတော့အလုပ် သွားရန် ရထားနှင့် ဘတ်စ် တို့ မမီမှာစိုး၍ ပြာပြာသလဲ လျှောက် နေရ သဖြင့် ငွေရှာသောခြေထောက် ခြေလှမ်းမျိုးနှင့်သာ နေ့စဉ် နေ့တိုင်း ခရီး ဆက်နေရသည်။

လန်ဒန်မြို့၏ ရင်သပ်ရှုမောဘွယ်ရာ ခြေလှမ်းမျိုးစုံတို့၏ အကြားမှ ၄င်းတို့ ထက် ပို၍ လှပသော ခြေထောက်တစ်စုံကို အမှတ်မထင် တွေ့မြင်လိုက်ရပါသည်။ ထိုခြေထောက်မှာ ကမ္ဘာ့နာမည်ကြီး အင်္ဂလန် ဘောလုံးသမားတို့၏ ခြေထောက်လဲ မဟုတ်ပါ။ တစ်နာရီ ယူအက်စ် ဒေါ်လာ သုံးထောင်ခန့် ဝင်ငွေကောင်းသော ဘောလုံးသမား ဒေးဗစ်ဘက်ခန်း၏ ခြေထောက်လဲ မဟုတ်ပါ။ သမ္မာ ကျမ်းစာမှ အမွန်းတင်ထားရသည့်အထိ လှပ တင့်တယ် တန်ဖိုး ရှိလှသော ခြေထောက် ပိုင်ရှင်မှာ ခရစ်တော်၏ ကယ်တင်ခြင်း သတင်းကောင်း ဝေစာကို ဝေငှ သက်သေခံနေသော ကပ္ပလီ လူမည်းတစ်ဦး၏ မည်းတူး ညစ်ပတ်နေသော ခြေထောက် အစုံပင် ဖြစ်နေပါတော့သည်။

သူသည် ဘတ်စ် ကားပေါ် တက်ပြီး ခရီးသည် တစ်ဦးစီကို "ခရစ်တော်အကြောင်း သိလိုပါသလား" ဟုသက်သေခံ ဝေငှရန် ယဉ်ကျေးစွာ လိုက်လံ ခွင့်တောင်း နေပါသည်။ သူ့အား ငြင်းပယ်သူ ရှိသလို ယဉ်ကျေးစွာ တုန့်ပြန်သူလဲ ရှိပါသည်။ ကျွန်ုပ် ထိုင်နေသော ထိုင်ခုံသို့ ရောက်လာသောအခါ "ခရစ်တော် ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံပြီးပြီလား။ လက် မခံရသေးရင် လက်ခံဖို့ ဝေငှ လိုပါတယ်" ဟု သူက မေးပါသည်။ ကျွန်ုပ်ကား ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံပြီးကြောင်း ပြန်ဖြေသောအခါ God Bless You ဟု ယဉ်ကျေးစွာ ကောင်းကြီးပေးလိုက်သံကို ပီတိဝေဆာစွာ ခံစားရလိုက်ပါသည်။

ကျွန်ုပ်၏ အတွေးထဲမှာလဲ ဧဝံဂေလိ သတင်းကောင်းကို ဟောပြောသက်သေ ခံသောသူတို့၏ ခြေတို့သည် အလွန်တယ့်တယ်ပေသည် ဆိုသော သမ္မာကျမ်းစာထဲမှ ဂုဏ်ပြုထားသောကျမ်းပိုဒ် ( ရောမ ၁၀း၁၅) ကိုတွေးရင်း ထို အမခြတော်ဆောင်အား ဂုဏ်ပြု ချီးကျူးမိပါသည်။

ခြေထောက် ကောင်းသော အင်္ဂလန်၌ နာမည်အကြီးဆုံး ဘောလုံးသမား၏ ဝင်ငွေက၊ အင်္ဂလန် ဝန်ကြီးချုပ် လစာထက်ပင် ပို၍ များနေပါသည်။ သို့သော် ထိုဧဝံဂေလိ အမှုတော်ဆောင်၏ ခြေထောက်သည် ကမ္ဘာ့အကောင်းဆုံး၊ အဖိုးတန်ဆုံး ဝင်ငွေအကောင်းဆုံး ခြေထောက်ပိုင်ရှင်ထက်ပင် သာ၍ တင့်တယ် လှပကြောင်း တွေးရင်း ကျွန်ုပ်၏ ခြေထောက်ကို ပြန်ငုံ့ကြည့်မိရာ ဧဝံဂေလိ သတင်းကောင်းဝေစာ တစ်ခုကို တက်နင်းထားမိသဖြင့် ဝမ်းနည်းစွာ ကောက်ယူမိပါသည်။ ထိုဝေစာမှာ ဧဝံဂေလိ သတင်းကောင်းကို မကြားလိုသူတို့ လွှင့်ပစ်ထားခဲ့ခြင်းဖြစ်ဟန်တူသည်။ ကျွန်ုပ်မှာမူ ထိုတန်ဖိုးရှိသော ဝေစာကို သတိမမူ၊ ခြေထောက်နှင့်ပင် နင်းချေလိုက်ခဲ့ မိလေပြီ။ ထိုအပြစ်ကို ဝန်ချတောင်းပန်ရင်း လှပသော ခြေထောက်ပိုင်ရှင်ဖြစ်ဖို့ ဆုတောင်းလိုက်မိပါတော့သည်။ ။

**ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သတင်းကို ကြားပြောသောသူ၊ သင်၏ ဘုရားသခင် စိုးစံတော်မူ၏ဟု ဇိအုန်မြို့အား ပြောသောသူ၏ ခြေတို့သည် တောင်ပေါ်မှာ အလွန် တင့်တယ်လှစွတကား။၊ ဟေရှာယ ၅၂း၇ ။၊**          **K.Z.M.O**

---

## *ဘုရားသခင်သည်သင့်အားသိစေလိုသော အကြောင်းအရာ(၄)ပါး* (အန်ဒရူး)

ချစ်မိတ်ဆွေ၊

သင်သည် ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံ ခြင်းကြောင့် သင်၏ အပြစ်များအားလုံး ခွင့်လွှတ်ခြင်းကို ခံရပြီး ဖြစ်သည်။ သင် ပြုလုပ် ကျူးလွန်ခဲ့သော အပြစ်တိုင်းအတွက် ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းအားဖြင့် ပေးဆပ်ခဲ့ပြီ။ ကျမ်းစာက "ချစ်သားတို့၊သင်တို့သည် ထိုသခင်၏ နာမတော်အားဖြင့် အပြစ်များနှင့် ကင်းလွတ်သောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်၏ "ဟုဆို၏။ (၁ယော၊၂း၁၂)



ဤကား၊ အံ့ဘွယ်ဖြစ်သည်။ သို့သော် သင်မှတ်မိ သတိရရန်မှာ သင်၌ ရန်သူစာတန် ရှိနေပြီးဖြစ်သည်။ သူ့ကို အလွန် စိတ်ဆိုးစေသော ခြေလှမ်း တစ်လှမ်းသို့ သင် လှမ်းခဲ့ပြီးဖြစ်သည်။ သင်သည် သူ့ကိုစွန့်ခွါလျက် သခင် ယေရှု ပိုင်သောသူများနှင့် ဆက်သွယ်ပေါင်းခဲ့ပြီး ဖြစ်သည်။ ခရစ်တော် အတွက် အသက်ရှင်ရန် ကြိုးစားသော မည်သူတစ်ယောက်ကို မဆို စာတန် သည် ချက်ခြင်း တိုက်ခိုက်ပေလိမ့်မည်။

စာတန်သည် သင့်အား ဘုရား၏မိသားစုမှ မနှုတ်ယူနိုင်ပါ။သို့သော် သင့်ကို စိတ်အားငယ်၊ စိတ်ပျက်အောင် သူလုပ်ဆောင်နိုင်သမျှ ကြိုးစားလုပ်ဆောင် ပေလိမ့်မည်။ သင်၏ ကယ်တင်ခြင်းကို သံသယ ရှိစေရန် သူကြိုးစား ပြုလုပ်ပေမည်။ သင်သည် စုံစမ်းသွေးဆောင်ခြင်းကို ဘယ်သောအခါမျှ အောင်မြင်လိမ့်မည် မဟုတ်ကြောင်းကို သင့်အား ပြောပေလိမ့်မည်။ သင့်အပေါ် ထားရှိသော ဘုရား၏ ချစ်ခြင်းကို သံသယဝင် လာအောင် သူကြိုးစား လုပ်ဆောင်ပေလိမ့်မည်။

သို့သော် ဘုရားသခင်သည် သင်၌ကောင်းသောအမှုကို အစပြုခဲ့ပြီးဖြစ်၍ သူသည် ထိုကောင်းသော အမှုကို ဆက်လက်ပြုလုပ်လိမ့်မည် ဖြစ်ကြောင်း သင်သည် စိတ်ချနိုင်ပါသည်။ ကျမ်းစာက "သင်တို့တွင် ကောင်းသော အမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏ နေ့ရက် တိုင်အောင် ပြီးစီးလျက် ပြုတော်မူမည်ဟုငါသဘောကျ၏ "ဟုဆို၏။(ဖိ၊၁း၆)

ဤသင်ခန်းစာတွင် ဘုရားသခင်က သင့်ကို သိစေချင်သော အရာ (၄)ပါး အကြောင်းကို သင့်အား ပြောပြပါမည်။ အကြောင်းအရာ တခုခြင်းအတွက် ကျမ်းပိုဒ်များကို သင့်အား ပေးပါမည်။ သင်သည် စာတန်၏ စုံစမ်းသွေးဆောင်ခြင်းကို ဖြေကြားရန် ဤကျမ်းပိုဒ် များကို သင် အသုံးပြုတတ်ရန် ဖေါ်ပြလိုခြင်း ဖြစ်သည်။

ဤကျမ်းချက်များကို အလွတ်ကျက်မှတ်ထားရန် စိတ်ချပါရစေ။

***(၁)သင်သည် ကယ်တင်ခြင်းသို့ ရောက်ပြီးကြောင်းကို သိရန် ဘုရားသခင် အလို ရှိသည်။***

"သက်သေခံတော်မူချက် ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရ အသက်ကို ပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ ပါ၏။ သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသော သူမူကား အသက်ကိုမရ။ "ဟုဆို၏။(၁ယော၊၅း၁၁-၁၂)

သင်သည် ကယ်တင်ခြင်းသို့ရောက်ပြီးနောက် စာတန်သည်သင့်အား ပထမဆုံး ပြုလုပ်မည့်အရာမှာ သင်၏ ကယ်တင်ခြင်းကို သင် သံသယ ရှိအောင် သူသည် ကြိုးစားပြုလုပ်လိမ့်မည်။ သင်၏ အသိစိတ်တွင် ဤကဲ့သို့သော မေးခွန်းများကို စာတန်သည် ထည့်သွင်းကောင်း၊ ထည့်သွင်းလိမ့်မည်။

"ယေရှုအပေါ် ယုံကြည်ယုံမှုဖြင့် သင် ကယ်တင်ခြင်းကို ရတယ်ဆိုတာ အမှန်တကယ် ယူဆလို့မရနိုင်ပါ။ ဟုတ်ပါသလား။ အလွန်မှ လွယ်လွန်း ပါတယ်။ ထို့အပြင် သင်သည် ယခင်အတိုင်းဘဲ ရှိနေဆဲ ဖြစ်တယ်။ လူတစ်ယောက် ကယ်တင်ခြင်းခံရကြောင်း စိတ်ချရတယ်ဆိုတာ၊ သူဘယ်လို သိနိုင်မှာလဲ။"

စာတန်သည် သင်၏အသိစိတ်တွင် အထက်ပါ အယူအဆများကို ထည့်သွင်း သော်၊ သင်၏အဖြေကား အဘယ်နည်း။ သင်က ဤသို့ မပြောနိုင်ပါ။ "ငါ့စိတ် ပျော်ရွှင်ခြင်း စသည်တို့ကြောင့် ငါကယ်တင်ခြင်းကို ရကြောင်းငါသိနိုင်သည်"။ သင်သည် နောက်နေ့၌ စိတ်တွင် ပျော်ချင်မှ ပျော်ပေမည်။

ကျွန်ုပ်တို့ ကယ်တင်ခြင်းသို့ ရောက်ကြောင်း သိရန်မှာ ဘုရား၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်သည်။ စိတ်၏ ခံစားခြင်းဖြင့် မဟုတ်ပါ။ စိတ်၏ ခံစားမှုများသည် နေ့စဉ် ပြောင်းလဲသည်။ သို့သော် ဘုရား၏ နှုတ်ကပတ်တော်သည် အစဉ်တည်၍ ပြောင်းလဲခြင်း မရှိပါ။

ဘုရား၏ နှုတ်ကပတ်တော်၌ သူဘာပြောပါသနည်း။ သူပြောသည်မှာ သင်သည် ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ရရှိခဲ့သော်၊ သင်သည် ထာဝရ အသက်ကို ရရှိပြီ။ သင်သည် ဤသို့ပြောနိုင်သည်။ "ငါ ကယ်တင်ခြင်း ရကြောင်းကို ငါသိသည်။ ဘုရားသခင်ကသူ၏နှုတ်ကပတ်တော်ထဲ၌ ပြောထားသောကြောင့်ဖြစ်သည်။"

သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကယ်တင်ခြင်းသာမက သူသည် ကွယ်ကာ စောင့်မတော်မူသည်။ သူသည် ကျွန်ုပ်တို့ကို သူ၏"သိုး"ဟုခေါ်ပြီး၊ ဘယ် သောအခါမျှ ပျက်စီးခြင်းသို့ မရောက်ကြောင်းကို ပြောပါသည်။

ယေရှုက "ငါ့သိုးတို့သည် ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့ လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည်ပျက်စီးခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။..."ဟုဆို၏။ (ယော၊၁၀း၂၇-၂၈)

"ပျက်စီးခြင်း"ဟူသော စကား၏ အဓိပ္ပါယ်မှာ ဆုံးရှုံးခြင်း ဖြစ်သည်။ ယေရှုက ပြောသည်မှာ ကျွန်ုပ်တို့သည် ဘယ်သောအခါမျှ အစဉ် မဆုံးရှုံးတော့ပါ။ ကျွန်ုပ်တို့သည် သူ့ခမည်းတော်၏ လက်ထဲ၌ ရှိနေကြောင်းကို ယေရှုပြောပါသည်။ မည်သူမျှ ကျွန်ုပ်တို့ကို ဘုရား၏ တန်ခိုးကြီးသော လက်တော်ထဲမှ ဘယ်သောအခါမျှ မနှုတ်မယူနိုင်ပါ။ ယေရှုက "ငါ့ခမည်းတော်သည် ခပ်သိမ်းသော သူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏လက်မှ မနှုတ် မယူနိုင်ရာ"ဟုဆို၏။ (ယော၊၁၀း၂၉)

***(၂) သင်သည် စုံစမ်းနှောင့်ရှက်ခြင်းကို အောင်မြင်နိုင်ကြောင်းကို သိရန် ဘုရားသခင် အလိုရှိသည်။***

"လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ရှက်ခြင်းကိုသာ သင်တို့သည်

ခံရကြ ၏။ ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ သင်တို့ မခံ နိုင်သော စုံစမ်းနှောင့်ရှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှါ အခွင့် ပေးတော် မမူ။ သင်တို့သည် ခံနိုင်မည် အကြောင်း စုံစမ်းနှောင့်ရှက်ခြင်း အရာနှင့်တကွ ထွက်မြောက်သော လမ်းကိုလည်း စီရင်ပြုပြင် တော်မူလိမ့်မည်" (၁ကော၊၁ဝ:၁၃)

မာရ်နတ်သည် သင့်အား တိုက်ခိုက်နိုင်သောနည်း နောက်တနည်း ဖြစ်သည်။ သူသည် သင်၏အသိစိတ်တွင် ဤသို့သော အယူအဆများကို ထည့်သွင်း နိုင်သည်။

"ကောင်းပြီး၊ ထိုကြောင့် သင်သည်ဘုရား၏ သား ဖြစ်ပြီး။ သို့သော် သင်သည် ရှုံးနိမ့်သော ခရစ်ယာန်တယောက်ဖြစ်ပြီး၊ အစဉ် ရှုံးနိမ့်နေလိမ့်မည်။ သင်၌ တချို့သော ဒုစရိုက်အပြစ်များ ရှိသည်။ ထိုအပြစ်များကို သင်သည် ဘယ်သောအခါမျှ အောင်မြင်ကျော်ဖြတ်နိုင်မည် မဟုတ်ပါ။ ယခင်ကလည်း သင်သည် ရှုံးနိမ့်ခဲ့ပြီး၊ သင်သည် ဆက်လက် ရှုံးနိမ့်နေဦးမည်။"

ဤတကြိမ်၌လည်း စာတန်ကို ရှုံးနိမ့်စေသော ကျွန်ုပ်တို့၏ လက်နက်မှာ ဘုရား၏ နှုတ်ကပတ်တော်ပင် ဖြစ်သည်။ ကျမ်းပိုဒ်ထဲ၌ ဘာပြောသည် ကိုနားလည်ရန် ကျွန်ုပ်တို့ကြည့်ကြပါစို့။ ၄င်းသည် ရှည်လျားသော ကျမ်း ပိုဒ်တပိုဒ် ဖြစ်သည်။ အပိုင်း လေးပိုင်းခွဲ၍ စဉ်းစားကြမည်။

က။ "လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ရှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏"

အဓိပ္ပါယ်မှာ သင်ခံရသော စုံစမ်းနှောင့်ရှက်ခြင်းသည် အခြားသော သူများ ခံရသော စုံစမ်းနှောင့်ရှက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။

ခ။ "ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည်" အဓိပ္ပါယ်မှာ ဘုရားသခင်သည် ပြောသည့်အတိုင်း အမြဲပြုတော်မူသော ဘုရားဖြစ်သည်။ သူပြုလုပ် ပေးလိမ့်မည်။ ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည် ဟူသော သစ္စာတရားကို သင်သည် အားကိုးနိုင်ပါသည်။

ဂ။ "သင်တို့ မခံနိုင်သော စုံစမ်းနှောင့်ရှက်ခြင်းကို၊ သင်တို့၌ ရောက်စိမ့်သောငှါ အခွင့်ပေးတော်မမူ" အဓိပ္ပါယ်မှာ၊ ဘုရားက သင်မခံနိုင်သော စုံစမ်းနှောင့်ရှက် ခြင်း ကို ခွင့်ပြု လိမ့်မည် မဟုတ်ကြောင်းဂတိများ ဖြစ်သည်။

ဃ။ "သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်း အရာနှင့်တကွ၊ ထွက်မြောက်သော လမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်" အဓိပ္ပါယ်မှာ စုံစမ်း နှောင့်ရှက်ခြင်းထဲမှ ထွက်မြောက်ရာ လမ်းကို ဘုရားက အမြဲပြုလုပ်ပေးသည်။ ထိုကြောင့် သင်သည် အပြစ်ကိုပြုရန် အခွင့် မရှိတော့ပါ။ ဤကျမ်းပိုဒ် ကို အလွတ်ကျက်မှတ် ထားရမည်။ ရှည်သောကျမ်းပိုဒ် ဖြစ်သောကြောင့် အပြည့်အစုံ နားလည်လာရန်အတွက် အချိန်ပေးရလိမ့်မည်။ သို့သော် နှလုံးသားအတွင်း သိလာသည့် တိုင်အောင် လုပ်ဆောင်ပါ။ စုံစမ်းနှောင့်ရှက်ခြင်းကို ခံရသောအခါတိုင်းတွင် ၄င်းကိုအသုံးပြုပါ။

တခါတရံ စာတန်သည် ကျွန်ုပ်တို့ကို ကြောက်ဖွယ်ကောင်းသော အပြစ် များကို ပြုလုပ်ရန် စုံစမ်းနှောင့်ယှက်ရုံမျှဖြင့် စိတ်ထဲတွင် အပြစ်ရှိသည်ဟု ထင်မြင်ခံစားလာအောင် သူသည် ကြိုးစား လုပ်ဆောင်ပါသည်။ သို့သော် စုံစမ်းနှောင့်ရှက်ခြင်းသည် အပြစ်မဟုတ်ပါ။ စုံစမ်းနှောင့်ရှက်ခြင်း ထဲသို့ လိုက်ပါသွားခဲ့လျှင်သာ ကျွန်ုပ်၌ အပြစ်ဖြစ်သည်။ သခင်ယေရှုသည် စုံစမ်းခြင်း ကို အကြိမ်များစွာခံရပြီး သို့သော် အပြစ်ကို ဘယ်သောအခါမျှ မပြုလုပ်ပါ။



သင်သည် ဤကမ္ဘာပေါ်၌ ရှိနေသ၍ သင်သည် စုံစမ်းခြင်းကို ခံရ လိမ့်မည်။ သို့သော် ဘုရားသခင်၏ မစခြင်းဖြင့် သင်သည် စုံစမ်းနှောင့် ရှက်ခြင်းကို အောင်မြင်နိုင်သည်။ သင်သည် စာတန်နှင့်သူ၏စုံစမ်းနှောင့်ရှက်ခြင်း များကို ကြောက်ရန် ဘုရားသခင်က အလိုမရှိပါ။ ကျမ်းစာက "ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘောကို ငါတို့အား ပေးတော်မူသည် မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသော စိတ်သဘော ကို ပေးတော်မူ၏"ဟုဆို၏။(၂တိ၊၁:၇)

ဘုရားသခင်သည် သင့်အား စုံစမ်းနှောင့်ရှက်ခြင်းကို အောင်မြင်ရန် တန်ခိုးကို ပေးလိမ့်မည်။ ထို့ကြောင့် သင်၌ အပြစ်ကိုပြုရန် အခွင့်မရှိတော့ပါ။ "စုံစမ်းနှောင့်ရှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ ..."ဟု ဆို၏။ (ယာ၊၁:၁၂)

သင်သည် အပြစ်ပြုမိသောအခါ သင့်ကို ဘုရားသခင်သည် အပြစ်ခွင့်လွှတ် လိမ့်မည် ဖြစ်ကြောင်းကိုသင် သိရန် သူသည် အလိုရှိသည်။

"ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ၊ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်း တရားနှင့် ၄င်းပြည့်စုံတော်မူ၏" (၁ယော၊၁:၉)

ကျွန်ုပ်တို့သည် အပြစ်နှင့် မဆိုင်တော့ပါ။ ဤကား အမှန်ဖြစ်သည်။ ကျွန်ုပ်တို့၌ အပြစ်ဗီဇသည်လည်း ရှိနေဆဲ ဖြစ်သည်။ ဤသည်လည်း အမှန်ဖြစ်သည်။ ကျွန်ုပ်တို့သည် မကြာခဏ ကျရှုံးတတ်ကြသည်။ ကျမ်းစာက "ကိုယ် အပြစ်မရှိဟု ငါတို့သည် ဆိုလျှင်၊ ကိုယ်ကိုကိုယ် လှည့်ဖြားကြ၏။ ငါတို့ ၌ သစ္စာတရားမရှိ" ဟုဆိုသည်။(၁ယော၊၁:၈)

ကျွန်ုပ်တို့ အပြစ်ပြုသောအခါ ဘာဖြစ်လာသနည်း။ ချက်ခြင်းပင် စာတန်သည် လာ၍ ကျွန်ုပ်တို့ကို ပြစ်တင်စွပ်စွဲပါသည်။ "ယခု သင်သည် အပြစ်ကိုပြုပြီး။ သင်သည် ခရစ်ယာန်တယောက် မဟုတ်လား။ သင် လုပ်ခဲ့တဲ့ အလုပ်ကို ကြည့်ပါအုံး။ ခရစ်ယာန်ဟာ ဤအလုပ်မျိုးတွေကို လုပ်လိမ့်မည် မထင်ဘူး။ ယခု ဘုရားသခင်သည် သင့်ကိုစိတ်တော်နှင့် မတွေ့နိုင်တော့ပါ။ သင့် အပြစ်ကိုလည်း ခွင့်လွှတ်လိမ့်မည်မဟုတ်" စသည်ဖြင့် ပြစ်တင် စွပ်စွဲလာပေမည်။

ကျွန်ုပ်တို့၏အပြစ်များကို စဉ်းစားလျှက် ထိုအရာများသည် မှားကြောင်းကို ဝန်ခံရမည်။ ထိုအပြစ်များသည် ဘုရား၏ စိတ်တော်နှင့် မတွေ့နိုင်ပါ။ သို့သော် နှုတ်ကပတ်တော်၌ ဘုရားက ဘာပြောပါသနည်း။ ကျမ်းစာက "ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ၊ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်း တရားနှင့်၎င်း ပြည့်စုံစေတော်မူလိမ့်မည် "ဟုဆို၏။

ကျွန်ုပ်တို့ အကြိမ်ကြိမ် ကျရှုံးပါစေ၊ အကြောင်း မဟုတ်ပါ။ ကျွန်ုပ်တို့၏ အပြစ်များကို ဘုရားသခင်ထံ ဝန်ချ တောင်းပန်လျှင် သူသည် အပြစ်များကို ခွင့်လွှတ်ရန် ဘုရား၌ ဂတိရှိပါသည်။ ကျွန်ုပ်တို့၏ အပြစ်များ ကို ဘုရားသခင် မနှစ်သက်ပါ။ သို့သော် ကျွန်ုပ်တို့ကို ချစ်တော်မူသည်။ သူ၏ ကျွန်ုပ်တို့ အပေါ် ချစ်ခြင်းသည် ဘယ်သောအခါမျှ မပြောင်းလဲပါ။ ကျမ်းစာ၌ ဘုရားက "... အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကို ငါချစ်၏။ "ဟု ဆိုထား၏။ (ယေ၊၃၁:၃)

ဘုရားသခင်သည် လူသား အားလုံးကို ချစ်တော်မူသည်။ သို့သော် သူ၏ ကိုယ်ပိုင် သားသမီးများကို အထူးသဖြင့် ချစ်တော်မူ၏။ ကျွန်ုပ်တို့သည် အလွန်မှုပင် အားနည်းလျက်၊ အပြစ်နှင့်ရှိစဉ် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်နိုင် ရခြင်းကို သင်သည် အံ့သြပေလိမ့်မည်။ ကျွန်ုပ်တို့ကို ဘုရားသခင်က ချစ်မေတ္တာ အားကြီးရခြင်း၏ အကြောင်းရင်းမှာ ကျွန်ုပ်တို့ကို ခရစ်တော် ပိုင်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ကို ဘုရားက ကြည့်သောအခါ သူသည် ကျွန်ုပ်တို့ကို "ခရစ်တော်အထဲ၌" မြင်တော်မူ၏။ ဘုရားက ကျွန်ုပ်တို့ကို ချစ်ခြင်းသည် သူ၏ တပါးတည်းသော သားတော်ကို ချစ်သကဲ့သို့ ဖြစ်သည်။ ဤအရာကို နားလည်ယုံကြည်ရန် ခက်သော်လည်း သို့သော် ၄င်းကား အမှန်ပင် ဖြစ်သည်။ သခင်ယေရှုက "အကြောင်းမူကား၊ သင်တို့သည် ငါ့ကို ချစ်ကြ၍၊ ငါသည် ဘုရားသခင် အထံတော်မှ ကြွလာသည်ကို ယုံကြသောကြောင့် ခမည်းတော်သည် ကိုယ်တော်တိုင် သင်တို့ကို ချစ်တော်မူ၏"ဟု ဆို၏။ (ယော၊၁၆:၂၇)

*(၃) ဘုရားသခင်သည် ဆုတောင်းခြင်းကို နားညောင်းပြီး၊ အဖြေပေးတော်မူကြောင်းကို သင်သိရန် အလိုရှိသည်။*

"ယခုတိုင်အောင် ငါ၏ နာမကိုအမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ တောင်းကြလော့။ ထိုသို့ တောင်းလျှင် ရကြလိမ့်မည်" (ယော၊၁၆:၂၄)

ခရစ်ယာန်တယောက် ဖြစ်လာခြင်းဖြင့် သင့်၌ များစွာသော ပြဿနာများ ရှိလိမ့်မည်မဟုတ် ဟူသော အဓိပ္ပါယ်ကို ဆိုလိုခြင်း မဟုတ်ပါ။ နှုတ်ကပါတ် တော်၌ သခင်ယေရှုက ကျွန်ုပ်တို့ကို ပြောခဲ့သည်မှာ ကျွန်ုပ်တို့သည် ဤလောကထဲ ရှိနေစဉ် များစွာသော အခက်အခဲ များနှင့် ပြဿနာများ ကို ရင်ဆိုင်ရပေမည်။ သင်သည် ကြီးစွာသော ပြဿနာတခု ကို ခံ ရစဉ် စာတန်က ဘာပြုလုပ်ပါသနည်း။ သူသည် သင်၌ ကြောက်စိတ် ဖြစ်လာအောင် ကြိုးစား ပြုလုပ်ပါသည်။ သူသည် သင့်ကို ဘုရား၏ ချစ်ခြင်း နှင့် သစ္စာ ရှိမှုကို သံသယရှိလာရန် ကြိုးစားပြုလုပ်ပါသည်။ စာတန်သည် သင်၏ အသိစိတ်၌ ဤသို့သော အတွေးများကို ထည့်သွင်းနိုင်ပါသည်။

"ဘုရားက သင့်ကို အမှန်တကယ် ဂရုမစိုက်ပါ။ သူ ဂရုစိုက်ခဲ့လျှင်၊ ဤအရာများက သင့်၌ ဖြစ်လာရန် ခွင့်ပြုလိမ့်မည် မဟုတ်။" သို့မဟုတ် စာတန် သည် ဤကဲ့သို့လည်း ပြောဆိုနိုင်သည်။ "ဘုရားသခင်သည် သင်နှင့် အဝေးမှာ ရှိပြီး သာ၍ အရေးကြီးသော အရာများ၌သာ အလေးထားနေသည်။ သင်နှင့် သင့်ပြဿနာများကို ဂရုစိုက်ရန် သူသည် အလွန်မှ အလုပ်များပါသည်။"

သို့သော် ကျမ်းစာက ဘာပြောပါသနည်း။ ကျမ်းစာ၌ ဘုရားသခင်

သည် ကျွန်ုပ်တို့၏ ကောင်းကင်ဘုံအဘ ဖြစ်တော်မူပြီး၊ သူ့သားသမီးများ၏ ဆုတောင်း သံများကို နားညောင်းခြင်းနှင့် အဖြေများကို ပေးတော်မူသည်။ ဘုရား သခင်သည် ကျွန်ုပ်တို့ကို ချစ်တော်မူသည်။ ကျွန်ုပ်တို့၏ ပြဿနာများ နှင့် သူ့ထံသို့လာရန် အလိုရှိသည်။ ကျမ်းစာက "သင်တို့ကို သတိနှင့် ကြည့်ရှု တော်မူသောကြောင့်၊ သင်တို့၌ စိုးရိမ်ခြင်းအမှု ရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံ ကြလော့။" ဟုဆို၏။ (၁ပေ၊၅း၇)

ကျွန်ုပ်တို့၏ လိုအပ်မှုများနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ဘာကို ပြုလုပ် သင့်သနည်း။ ကျွန်ုပ်တို့ အဘဘုရားထံ ယေရှု၏နာမ၌ ဆုတောင်း သင့်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဘခင် အစစ်အမှန် ဖြစ်ကြောင်းကို ယေရှု သွန်သင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ လာပြီး၊ လိုအပ် မှုများအတွက် သူ့ထံ တောင်းခံရပေသည်။ သခင်ယေရှုက "... သင်တို့သည် ဝမ်းမြောက် စရာ အကြောင်း စုံလင်စေခြင်းငှာ တောင်းကြလော့။ ထိုသို့ တောင်းလျှင် ရကြလိမ့်မည်။" ဟုဆို၏။ (ယော၊၁၆း၂၄)

ကျွန်ုပ်တို့၏ အသက်တာ၌ စွန့်လွှတ်လိုစိတ် မရှိသော အချို့သော အပြစ်များ ရှိနေသော် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို အဖြေ ပေးမည် ဟု ကတိမပေးပါ။ သို့သော် ဘုရားသခင် နှစ်သက်စေသော အရာ များကို ကျွန်ုပ်တို့ ပြုလုပ်လျှင် ကျွန်ုပ်တို့ တောင်းသော အရာများကို ပေး ပေလိမ့်မည်။ ကျမ်းစာက "ငါတို့သည် ပညတ်တော်တို့ကို စောင့်ရှောက်၍၊ နှစ်သက်တော်မူသော အကျင့်တို့ကို ကျင့်သောကြောင့်၊ ဆုတောင်း သမျှ တို့ကို ဘုရားသခင့် ထံတော်မှ ရကြ၏။"ဟု ဆို၏။ (၁ယော၊၃း၂၂)

ဤ အကြောင်းအရာ လေးချက်ကို သတိရပါ။

ဤသင်ခန်းစာ၌ အံ့ဘွယ် အကြောင်းအရာ လေးချက်ကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီး။ ပြန်၍ ကြည့်ကြမည်။

(က) သင်သည် ကယ်တင်ခြင်းသို့ ရောက်ပြီးကြောင်းကို သိရန် ဘုရားသခင် အလို ရှိသည်။ (၁ယော၊၅း၁၁-၁၂)

(ခ) သင်သည် စုံစမ်းနှောင့်ရှက်ခြင်းကို အောင်မြင်နိုင်ကြောင်းကို သိရန် ဘုရားသခင် အလိုရှိသည်။ (၁ကော၊၁၀း၁၃)

(ဂ) သင်သည် အပြစ်ပြုမိသောအခါ သင့်ကို ဘုရားသခင်သည် အပြစ် ခွင့်လွှတ်လိမ့်မည် ဖြစ်ကြောင်းကို သင်သိရန်သူသည်အလိုရှိသည်။(၁ယော၊၁း၉)

(ဃ) ဘုရား သခင်သည် ဆုတောင်းခြင်းကို နားညောင်းပြီး၊ အဖြေ ပေးတော်မူ ကြောင်း ကို သင်သိရန် အလိုရှိသည်။ (ယော၊၁၆း၂၄)

ဘုရားက သင့်အတွက်ပြုခဲ့သော အံ့ဘွယ်အရာများကို စဉ်းစားခဲ့ပြီး နောက် ဘယ်အရာက သင့်အား ဘာကို ပြုလုပ်စေချင်ပါသနည်း။ သင်သည် ထာဝရ ဘုရားကို ချစ်စေရန် ပြုလုပ်ပေးပါသလား။ သို့ဖြစ်လျှင် ဘုရားက သင့်ကို ဘာလုပ်စေချင်သနည်း။

သင့်အထဲ၌ ရှိသော သခင်ယေရှုသည် ပုဂ္ဂိုလ်တဦးဖြစ်သည်။ သူသည် သင့်ကို ချစ်ပြီး၊ သင်သည် သူ့ကိုချစ်ရန် အလိုရှိသည်။ ကျမ်းစာက "ဘုရား သခင်သည် ငါတို့ကို ရှေ့ဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရား သခင်ကို ချစ်ကြ၏။"ဟုဆို၏။(၁ယော၊၄း၁၉)

သခင်ယေရှုကို ချစ်ခြင်းသည် သူ့ကိုသင်၏အသက်တာ၌ ပထမ နေရာ ထားခြင်း ဖြစ်သည်။ သူ့ကို စိတ်နှလုံး အကြွင်းမဲ့ ချစ်ခြင်းနှင့် သူ နှစ်သက်သော အမှုများကို လုပ်ဆောင်ခြင်းဖြင့် သင်သည် သခင်ယေရှု၏ စိတ်၌ဝမ်းမြောက်ခြင်းကို ဖြစ်စေသည်။

ကျွန်ုပ်သည် ကယ်တင်ခြင်းသို့ ရောက်ကြောင်းသိရန် ဘုရားသခင် အလို ရှိပြီး သူသည် ကျွန်ုပ်ကို သတိနှင့် အစဉ် စောင့်ထိန်း တော်မူသည်။ (အန်ဒရူး)

---

## ပြဿနာ၏ အစနှင့် ဖြေရှင်းနည်း (စောဠွန်)

***ပြဿနာ၏အစ***

တစ်ခါက တစ်ခုသော မြန်မာနှစ်သစ်ကူး သင်္ကြန်ချိန်ခါတွင် ပျော်ချင် သော မယုံကြည်သူ လူငယ်တစ်စုသည် မော်တော်ကား စင်းလုံးငှား၍ ရေပက်ခံ ထွက်ခဲ့ကြပါသည်။ မော်တော်ကား မောင်းသူသည် ယုံကြည်သူ တစ်ယောက် ဖြစ်ပါသည်။ တစ်ခုသော ရေပက်ခံ မဏ္ဍပ်သို့အသွား၊ လမ်းခုလတ်တွင် ရေပုံးဖြင့် မဆင်မခြင် ပက်လိုက်သော ကလေးငယ်တစ်ဦးကြောင့် ကားရှေ့ လေကာမှန် ကွဲကာ ကားမောင်းသူက ကားကို မထိန်းသိမ်းနိုင်တော့ဘဲ လမ်းဘေးရှိ သစ်ပင် တစ်ပင်ကို အရှိန်ဖြင့် တိုက်မိသွားခဲ့ပါသည်။ ကားပေါ်ပါသူ အတော်များများ ထိခိုက်ဒဏ်ရာ ရခဲ့သလို မော်တော်ကားလဲ ပျက်ဆီးသွားခဲ့ပါ သည်။

ယခု ပြဿနာ ဖြစ်နေပါပြီ။ ဤပြဿနာတွင် အဓိက တရားခံ ( ပြဿနာ ဖြစ်စေသူ ) သည် မည်သူနည်း။

မော်တော်ကား လော၊ ကားမောင်းသူ လော။ ရေပက်ခံ ပျော်ချင်သူ လူငယ် များလော။ ရေပက်သူ ကလေးငယ် လော။ ရေပက်ပွဲတော် သင်္ကြန် လော။ သစ်ပင် လော။

အဖြေ အမျိုးမျိုး ထွက်လာနိုင်ပါသည်။ ထိုကဲ့သို့သော အဖြစ်မျိုး ကမ္ဘာဦး အစ က ဖြစ်ခဲ့ပါသည်။ ဘုရားသခင် တားမြစ်ထားသော ကောင်း မကောင်း သိကျွမ်းရာ အသီးကို ယူစားမိခဲ့သော အာဒံ နှင့် ဧဝသည် ဘုရားသခင်က မေး မြန်းသောအခါ။ ကိုယ့်အပြစ်ကို ဝန်မခံဘဲ တစ်ဦးကို တစ်ဦး အပြစ် လွှဲချခဲ့ကြပါ သည်။

မိမိ၏ ပတ်ဝန်းကျင်တွင် ပြဿနာ ဖြစ်လာပါက မည်သူ့ကိုမှ မလွှဲချ၊ အပြစ် မဖို့ဘဲ၊ မိမိသည်သာ ပြဿနာ၏ အရင်းခံ။ ပြဿနာ ဖြစ်စေသူ။ အဓိက တရားခံ ဖြစ်ကြောင်း ဝန်ခံရပေမည်။

၁) ဟေဗြဲ ၁၂း၅-၁၁၊ ငါ့သား ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲ မနေနှင့် သင့်အပြစ်ကို စစ်ဆေးတော်မူသောအခါ စိတ်မပျက်နှင့်။ ကမ္ဘာ ၃း၈-၁၂ ၊ လူကလဲ ကျွန်တော်၌ အပ်ပေးတော်မူသော မိန်းမ သည် ထိုအပင်၏ အသီးကို ပေး၍ ကျွန်တော် စားမိပါသည်ဟု လျှောက်လေ၏။

✻ စာတန် က ယုံကြည်သူကို တိုက်ခိုက်ဖို့ရန် ချောင်းမြောင်းနေ၏၊ ၁ပေ ၅း၈။ မာရ်နတ်သည် ဟောက်သော ခြင်္သေ့ကဲ့သို့ ... လှည့်လည် ရှာဖွေလျှက်ရှိ၏။

✻ ဘုရားသခင်က ယုံကြည်သူကို မစရန် သတိနဲ့စောင့်ကြည့်နေ၏၊ ၁ပေ ၅း၇ သင်တို့ကို သတိနှင့် ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်း အမှု ရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြလော့။

၂) ရောမ ၈း၂၈ ၊ ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည် တော်မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသော အရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့ သိကြ၏။ ဆိုးကျိုးဖြစ်စေ၊ ကောင်းကျိုးဖြစ်စေ လူကို တိုးတက်အောင် မြှင့်တင်ပေးသည်။



ပြဿနာက မြှင့်တင်

***ဖြေရှင်းနည်း***

က) လူအချို့က ပြဿနာ တွေ့ရင် နောက်ကြောင်း ပြန်လှည့်ကြတယ်။




ခ) လူအချို့က ပြဿနာ တွေ့ရင် ရှောင်ကွင်း ရှောင်ထွက်ကြတယ်။ ၁ရာ ၅း၁၀-၂၈




ဂ) လူအချို့က ပြဿနာ တွေ့ရင် လောကထဲက ထွက်သွားကြတယ်။ ဒါပေမဲ့ ပြဿနာ အသစ်နဲ့ ထပ်တွေ့ပြီး ဒုက္ခ ရောက်ရပြန်တယ်။




ဃ) ပြဿနာနဲ့ တွေ့ရင် ရင်ဆိုင် ဖြေရှင်းလိုက်ပါ။




***သင် ဘယ်လို ရှင်းမလဲ***

၁) ဟေရှာယ ၃၀ း ၁၅-၁၇ ၊ ဘုရားရှေ့မှာ ငြိမ်ဝပ်စွာ နေရမည်။
၂) ရောမ ၄း၂၁ ၊ ဘုရားသခင်၏ ကတိတော်ကို ကိုင်ဆွဲရမယ်။

၃) ဖိ ၄း၅–၇ ၊ နှလုံးသားတွင်းထဲက ကျေးဇူးတော်ချီးမွမ်း၍ ငြိမ်သက်ခြင်း ရသည်အထိ ဆုတောင်းရမည်။
၄) ဆာလံ ၃၇း၅၊ ဘုရားသခင်ရဲ့ လက်ထဲသို့ ပြဿနာကို အပ်နှံပါ။ **(စောဌူနီ)**

---

## ငါ့ဝိညာဉ်ကိုချစ်သောသူ (မာရနသာနီနီခိုင်)

**Valentine's day** ကို လူတိုင်းလိုလို သိကြပါတယ်။ **Valentine** လို့ခေါ်တဲ့ အချစ်နတ်ဘုရား ရုပ်တုကို မကိုးကွယ်ဘဲ၊ သူတို့ရဲ့ ဝိညာဉ်ကို ချစ်သောသူတွေအတွက် အသက်ပေးသူ ဘုန်းတော်ကြီးများကို ဂုဏ်ပြုသောအနေနှင့် **Valentine** လို့ခေါ်ကြပြီး မာတုရ သရဖူ ကို ရယူသွားသောသူများ၊ သူတို့ရဲ့ ဝိညာဉ်ကို ချစ်သောသူအတွက် သက်သေခံသော နေ့တစ်နေ့ ဖြစ်ပါတယ်။




**Valentine's day**မှာ ကိုယ်ချစ်သောသူများကို လက်ဆောင် အပြန် အလှန်ပေး၍ နှုတ်ခွန်းဆက်ကြပါတယ်။ ဒီကနေ့ ကျွန်မတို့ ရဲ့ ချစ်သူကို အဓိက သိဖို့ အရေးကြီးပါတယ်။ သူက ကျွန်မတို့ကို ချစ်ပြီး သူ့ရဲ့မေတ္တာကို တင်စား ထားတဲ့ နှုတ်ကပါတ်တော်ကို ယော ၃း၁၆မှာ ဘုရားသခင်၏ သားတော်ကို ယုံ ကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့ မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူ သည့်တိုင်အောင် လောကီသားတို့ ကို ချစ်တော်မူ၏။ ကျွန်မတို့ ရဲ့ ဝိညာဉ် ချစ်သူက ကျွန်မတို့ အတွက် သူ့ ရဲ့ မေတ္တာကို ဖော်ပြထားခြင်းဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ဝိညာဉ် ချစ်သူဟာ ကျွန်မတို့ အတွက် ဘာလုပ်နေသလဲ ဆိုရင် ရှောလမုန် ၃း၁–၄ ပထမဦးဆုံး ကျွန်မတို့ရဲ့ ဝိညာဉ် ချစ်သူက **"ညဥ့်အခါ အိပ်ယာပေါ်မှာ ငါရှာ၏၊ ရှာသော်လည်း မတွေ့ … ငါ့ဝိညာဉ်ကို ချစ်သောသူကို လမ်းမတို့တွင် ရှာမည်ဟု ဆိုလျက် ရှာသော်လည်း မတွေ့။"** ကျွန်မတို့ကို ဘုရားသခင်က ရှာရုံတင် မကသေးဘဲ၊ ဘယ်နေရာမှာ ရှိသလဲဆိုတာကိုလဲ စုံစမ်းပါသေးတယ်။ မြို့ကို လှည့်သော ကင်းစောင့်တို့သည် သင့်ကို တွေ့ကြသော်လည်း ငါ့ဝိညာဉ် ချစ်သောသူကို မြင်ကြသလောဟု မေး၏။ သတင်းမေး၍ စုံစမ်းပြီးမှ ဘုရားသခင်ဟာ သူ့ရဲ့ ဝိညာဉ် ချစ်သူကို တွေ့၏။ ငါသည် သူ့ကို မလွှတ်၊ အမြဲ ကိုင်၍ ငါ့ကို ဘွားမြင်သော မိခင်၏ အိမ်၌ အိပ်ရာ အခန်းထဲသို့ ဆောင်ခဲ့၏။

ဘုရားသခင်ဟာ သူ့ရဲ့ ဝိညာဉ် ချစ်သောသူကို ရှာပေမဲ့လဲ သူရှာလို့ မတွေ့ခဲ့ပါ။ ဆာလံ ၁၄း၂–၃ **ဘုရားသခင်ကို ရှာသောသူ တစ်စုံတစ်ယောက် ရှိသည် မရှိသည်ကို သိမြင်ခြင်းငှာ ထာဝရဘုရားသည် ကောင်းကင်ပေါ်က လူသားတို့ကို ငုံ့၍ ကြည့်ရှုတော်မူ၏။ လူအပေါင်းတို့သည် လမ်းလွှဲကြပြီ။ တစ်ညီတစ်ညွတ်တည်း ဖောက်ပြန်၍ ယိုယွင်းခြင်း ရှိကြ၏။** ကောင်းသော အကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက်မျှ မရှိ။ ဘုရားသခင်ရဲ့ စိတ်တော်နဲ့ တွေ့နိုင်သော ဝိညာဉ် ချစ်သူကို သူလိုက်ရှာပေမဲ့ မတွေ့ခဲ့ပါဘူး။

ဘုရားသခင်က တစ်ဖက်သတ်လိုက်၍ ရှာနေပြီး ကိုယ်က ဘုရားသခင် ကို မရှာဘူးဆိုရင် နှစ်ဦး နှစ်ဘက် မတွေ့နိုင်ပါဘူး။ ကျွန်မတို့ရဲ့ ဝိညာဉ် ချစ်သူကို ဘယ်လို နှလုံးသားမျိုးနဲ့ ရှာရ မလဲဆိုရင် **ဆာလံ ၄၂း၁–၂ သမင်ဒရယ်သည် ရေစီးသော ချောင်းကို တောင့်တသကဲ့သို့ အကျွန်ုပ် ဝိညာဉ်သည် ကိုယ်တော်ကို တောင့်တပါ၏ ဘုရား။ ငါ့ဝိညာဉ်သည် ဘုရားသခင်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားကို ငတ်လှ၏။ အဘယ်ကာလမှ ဘုရားသခင့် ထံတော်သို့ ရောက်၍ မျက်နှာ ပြရခံ့နည်း။** ကျွန်မတို့ကို ချစ်၍ လိုက်ရှာနေသော ချစ်သူ ဘုရားသခင်ထံ စိတ်ပြန်လည်၍ ဆက်သွယ်ရန် ဖြစ်ပါတယ်။

နှစ်သစ်မှာ ရည်မှန်းချက် ပန်းတိုင်ချပြီး အဆုံးတိုင်အောင် ဆက်လှမ်းပါ။ တစ်ခါက သင်းအုပ်ဆရာ တစ်ပါးရဲ့ ဥပမာလေးက မီးရထားတစ်စီးဟာ အနီးမှာ ဆိုရင် "ဟုတ်ဟုတ်"နဲ့ သွားနေပြီး နည်းနည်းဝေးသွားရင် "ဟုတ်ဟုတ် မဟုတ်" လို့အသံမြည် သွားပြီး အဝေးကြီး ရောက်သွားရင် "မဟုတ်မဟုတ်" နဲ့ သွားနေပါတယ်တဲ့။

ယနေ့ ကျွန်မတို့လည်း နှစ်သစ်မှာတော့ ကြိုးစားပမ်းစားနဲ့ "ဟုတ်ဟုတ်ဟုတ်" ပေါ့။ နှစ်လည်ရောက်တော့ "ဟုတ်မဟုတ်"၊ နှစ်ကုန်ခါနီး ကျတော့ "မဟုတ် မဟုတ် မဟုတ်" ဖြစ်သွားမှာ သေချာပါတယ်။ **Valentine's day** ကပေးတဲ့ သင်ခန်းစာအတိုင်း ကျွန်မတို့ကို အမှန်တကယ် ချစ်မြတ်နိုး၍ ကားတိုင်မှာ အသက်ပေးသော ချစ်သူအတွက် ကျွန်မတို့ရဲ့ ဆာတော် မွတ်သိပ် ကျိုးပဲ့ကြေမွသော နှလုံးသားနှင့်အတူ သစ္စာကတိ ထားတဲ့အတိုင်း တစ်နှစ်တာလုံး ဘုရားသခင် ပို့ဆောင်ပါစေ။ ။ **မာရာနသာနီနီခိုင်**

---

## ဟန်းနီး မန်းနီး (မိုင်မာမာရီ)



သက်သေခံချက် အမျိုးမျိုး ကြားသိဖူးပြီး များစွာ ဖတ်နိုင်ခွင့် ရသည့် တိုင် ပြန်လည်ဝေမျှခြင်း မရှိခဲ့ပါ။ ပိုဆိုးသည်မှာ အသက်တာမှာ ရေတွက် မကုန်နိုင်အောင် ခံစားရသော ကောင်းကြီး များကိုလဲ သက်သေခံရန် မခိုင်လုံတဲ့ ဆင်ခြေတွေနဲ့ ဘုရားသခင်အပေါ် ပျက်ခဲ့တဲ့ ကတိတွေ မနည်းတော့ပါ။ မိခင်ကြီး ချူချာကြောင်း သိရတဲ့နေ့မှာ အလုပ်ပြုတ် ခဲ့ပါသည်။ မိမိနေရင်းပြည်ကို ပြန်ခွင့် ပေးခြင်း များလား၊ မဝေခွဲတတ်၍ ဆုတောင်း လျှက် ကိုယ်တော်ရဲ့ အဖြေကို နားစွင့် ရင်း အလုပ်သစ် ထပ်ရှာပါသည်။

အလုပ်ရှင်၊ အလုပ်သမား၊ ဝန်ထမ်း၊ ပွဲစားတို့၏ ဤလုပ်ခေါ်သံက ဟန်ချက်ညီညာ သံပြိုင် ဝေဆာနေကြသောကြောင့် ဝိညာဉ်စာစောင်ဖတ်ခြင်းဖြင့် အမူးဖြေ နေခိုက် နေ့စဉ် ခွန်အားရှိရင် ဖတ်ချင်တယ် ဟု လူတစ်ဦးက မေးလာပါသည်။ သူနှင့် မိတ်ဆက်ရင်း ခရစ်တော်အကြောင်း ပြောခွင့်ရပါသည်။

သူက ခရစ်ယာန် မဟုတ်ပါ၊ တက္ကသိုလ်တက်စဉ် ခရစ္စမတ်သီချင်းဆို၊ ဘုရားကျောင်းတက်၊ နေ့စဉ် ခွန်အား စာအုပ်ဖတ်ရင်း ပဋ္ဌာနာတော် အလွတ်ရနေသည့် သူမအား ကျမ်းစာအုပ် ပေးရန် ကတိပြု လိုက်ပါသည်။ တဒင်္ဂ အတွင်းမှာပင် ငါလည်း ဒီစာအုပ် (သမ္မာကျမ်းစာအုပ်) နဲ့ အသက်ဆက်နေရတာ ပြီးတော့ ဒီအထဲမှာ အရေးတကြီး မှတ်သားချက်တွေ ရှိတယ်။ပြန်ကူးချိန် မရှိတော့ နောက်မှ အသစ်ပြန်ဝယ်ပြီး ပေးမယ်ဟု မိုက်မဲစွာဖြင့် ပြန်ပြောပြဖို့ စာတန်ကို အခွင့်ပေး ခါနီးမှာဘဲ ဘုရားရှင်က ပေးခိုင်းပါသည်။ ပေးပြီးသည့်နောက် ကိုယ့်အတွက်ဘဲ ဦးစားပေးချင်တဲ့ သမီးကို ခွင့်လွှတ်ပါ ကိုယ်တော်။ ဟု ဆုတောင်း မိပါသည်။

တဆက်တည်းမှာ အဓိက တောင်းရန် မိခင် ကျန်းမာလာရေး၊ ငွေပို့နိုင်ရေး၊ ရုပ်သိမ်းတော့မယ်ဆိုရင် အချိန်မီ ပြန်နိုင်ရေး၊ ( စာအုပ်သက်တမ်း ကုန်တော့မှာမို့ ဦးဏှောက် ဆူပွက်နေတဲ့ ကျွန်မကို ထာဝရ အဖက အားလုံး အကောင်းဆုံး အချိန်မီ ပြင်ဆင်ပေးသည်မှာ ...

၁) နောက်တစ်နေ့ မကူးခင် ည အချိန်မီ ဖတ်နိုင်ရန် ကျွန်မ အတွက် **Honey ( King James Verson)** သမ္မာကျမ်း စာအုပ် ရရှိခြင်း။
၂) ငါးဒေါ်လာ တစ်ရွက်နှင့် အကြွေစေ့သာ ပိုင်ဆိုင်တဲ့ ကျွန်မ အကြံအိုက်နေစဉ် မိခင်အား ပို့ချင်သည့် **Money** ငွေ ပမာဏ အတိအကျပို့ပြီးကြောင်း၊ သတင်း ရရှိခြင်း။
၃) အလုပ်သစ် ရရှိခြင်း။
၄) အားချင်း မှတ်ပုံတင်အသစ် တင်ပြီး ဟန်းဖုန်း ကူညီမှုရခြင်း။
၅) သုံးနှစ်နီးပါး အခွန်ဆောင်ရန်အတွက် ကူညီသူနှင့် တွေ့ဆုံခြင်း။
၆) ခေါ်တော်မူခြင်းခံရသည့် မိခင်ဈာပနအတွက် ရပ်နီး နိုင်ငံဝေးမှ ကူညီပံ့ပိုးကြောင်း သတင်းရရှိခြင်း။

အံ့ဩဘွယ်ရာ ဘုရားရှင်အားဖြင့် အစစ အရာရာ ( အချိန်၊ လုပ်အား ငွေ ၊ ဖုန်းကဒ်) ကို ပြည့်ဝသော မေတ္တာဖြင့် ကူညီသူများ၊ ဖုန်း **sms** ဖြင့် နှစ်သိမ့်မှု ပေးသူများ အားလုံးကို အထူး ကျေးဇူးတင်ပါသည်။ မည်သည့် ပြဿနာ အခက်အခဲ ရှိစေကာမူ ဘုရားသခင်၏ နှုတ်ကပါတ်တော်၌ "အဖြေ" ရှိကြောင်း သက်သေခံရင်း နှစ်သစ်မှာ အယောက်စီတိုင်းကို ဘုရားရှင် ကောင်းကြီး သက်ရောက်ပါစေ။ အာမင်။ ။ **မိုင်မာမာရီ**

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
**Min Aung Thet Lwin, Blk 76A #30-02**
**Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**
((သခင့်စကား စာစောင်ကို **www.jbcs.org.sg** တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်